"အသံ"

တရုတ်နိုင်ငံသည် ကမ္ဘာ့တည်ငြိမ်ရန် ကျောက်ဆူးဖြစ်သည်

တရုတ်နိုင်ငံကွန်မြူနစ်ပါတီ (၁၈) ကြိမ်မြောက် တစ်နိုင်ငံလုံး ကိုယ်စားလှယ်အစည်းအဝေးမှစပြီး တရုတ်နိုင်ငံ နိုင်ငံခြားဆက်ဆံရေးသည် ပြုပြင်ပြောင်းလဲချက်များဆန်းသစ်၊ အခက်အခဲများကို ကျော်လွှားပြီး တရုတ်နိုင်ငံထူးခြားချက်ရှိသောနိုင်ငံကြီးနိုင်ငံခြားဆက်ဆံရေး၏ စာမျက်နှာသစ်ကို ရေးသားလာနိုင်ခဲ့သည်။ တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးဝမ်ရိက ပြောကြားသည်မှာ- ယနေ့တရုတ်နိုင်ငံသည် "နိုင်ငံတကာအခြေအနေ၏ တည်ငြိမ်မှု ကျောက်ဆူး၊ ကမ္ဘာ့တိုးမြှင့်ရေး၏ မီးအားထုတ်စက်၊ တည်ငြိမ်အေးချမ်းဖွံ့ဖြိုး တိုးတက်ရေး၏ စွမ်းအား၊ တစ်ကမ္ဘာလုံး ထိန်းချုပ်ရေး၏ တွန်းအားအသစ်ဖြစ်နေသည်။"

၂၀၁၆ခုနှစ်တရုတ်နိုင်ငံ၏ စီးပွားရေးသည် (၆. ၇%)တိုးမြှင့်ခဲ့ပြီး တစ်ကမ္ဘာလုံး အဓိကစီးပွားထု အတွင်းတွင် ပထမရခဲ့သည်။ ဤတိုးမြှင့်နှုန်းသည် ကမ္ဘာ့စီးပွားရေး တိုးမြှင့်မှုအပေါ်ထောက်ပံ့နှုန်းမှာ (၃၀%)ကျော်ခဲ့သည်။

တရုတ်နိုင်ငံသည် ငြိမ်းချမ်းရေးကို ထိန်းသိမ်းသော ခိုင်မာသည့် အင်အားဖြစ်သည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံ (၅)နိုင်ငံအတွင်းတွင် တရုတ်နိုင်ငံသည် စေလွှတ်သူအများဆုံးနိုင်ငံဖြစ်သည်။ တရုတ်နိုင်ငံ စစ်တပ်သည် နိုင်ငံတကာ ငြိမ်းချမ်းမှု ထိန်းသိမ်းရေး၊ အကြမ်းဖက်ဝါဒ တိုက်ဖျက်ရေးနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ကယ်ဆယ်ရေးအတွင်းသို့ တက်ကြွစွာပါဝင်ပြီး sensitiveပြဿနာများကို ထိန်းချုပ်ရေးအတွင်းသို့လည်း ပါဝင်ခဲ့သည်။ တရုတ်နိုင်ငံ စစ်အင်အား၏ ခေတ်ပေါ်မှုသည်လည်း ဒေသနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် အထောက်အကူပြုနေပါသည်။

တရုတ်နိုင်ငံသည် တစ်ကမ္ဘာလုံး ထိန်းချုပ်ရေးအတွင်းတွင် နိုင်ငံတကာအများပိုင်ကုန်ပစ္စည်းကို တက်ကြွစွာ ထောက်ပံ့ပေးနေသည်။ ယခုနှစ်မေလ "တစ်ဇုန်တစ်လမ်း" နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးထိပ်သီးဖိုရမ်ကို ပေကျင်းမြို့တော်တွင်ကျင်းပမည်ဖြစ်သည်။ ယခုလက်ရှိ ကာကွယ်ရေးဝါဒ၊ Unilateral-ismဝါဒများပြန်လည်ရောက်ရှိလာသည့် အခြေအနေတွင် "တစ်ဇုန်တစ်လမ်း"၏ ပြန်လည် ထွက်ပေါ်လာရေးသည် ပိုမိုဂရုပြုခြင်းခံနေရသည်။ ယင်းသည် စီးပွားရေး ဂလိုဘယ်လိုက်ဇေးရှင်းကို ပိုမိုအကျိုးပေး၊ အလုံးစုံပါဝင်သောလမ်းကြောင်းသို့ တွန်းဆော်သွားမည်ဖြစ်ပြီး မျှတခြင်းကို ပြန်လည်ဖြစ်မြောက်လာစေမည်ဖြစ်သည်။ လူသားကံကြမ္မာတူ အသိုက်အဝန်းအတူ ဆောက်လုပ်ရေးအတွက်လည်းအလေးပါသောအကောင်အထည် ဖော်ဆောင်မှုဖြစ်လာမည်။

တရုတ်နိုင်ငံ နိုင်ငံခြားဆက်ဆံရေး၏ ခေတ်မီခြင်းသည် နိုင်ငံခြားဆက်ဆံရေးအတွေးအခေါ်ဆန်းသစ်မှုကို ပြည့်ဝစွာဖော်ပြနိုင်ခဲ့သည်။ ဥပမာ-မဟာမိတ်ဖွဲ့ ညီလာခံမဖွဲ့ခြင်း၊ မိတ်ဆွေ အသိုင်းအဝိုင်းတိုးချဲ့ခြင်း၊ ပူးပေါင်းဆောင်ရွက်မှု အကျိုးတူအောင်မြင်ခြင်းဖြင့် အဓိကပြုသော နိုင်ငံတကာဆက်ဆံရေးပုံစံသစ်ကို တည်ထောင်ခြင်း၊ လူသားကံကြမ္မာတူ အသိုက်အဝန်းအတူ ဆောက်လုပ်ခြင်းစသည်တို့ဖြစ်သည်။

ယွမ်ကျုံကျဲ

(စာရေးဆရာသည် ဤသတင်းစာမှ အထူးသုံးသပ်သူဖြစ်သည်၊ တရုတ်နိုင်ငံ နိုင်ငံတကာပြဿနာ သုတေသနအကယ်ဒမီအလုပ်အမှုဆောင်ဒုပါမောက္ခချုပ်၊ သုတေသနပညာရှင်ဖြစ်သည်။)

၂၀၁၇ ခုနှစ် ကူမင်းကုန်သွယ်မှုရေးရာ ဆွေးနွေးပွဲကို ဇွန်လတွင် ကျင်းပမည်

ဇွန်လ(၁၂)မှ (၁၈)ရက်နေ့ထိ ကူမင်းတွင် ၂၀၁၇ခုနှစ် တောင်အာရှ အရှေ့တောင်အာရှနိုင်ငံ ကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှု ဆွေးနွေးပွဲ ("ကုန်သွယ်မှုရေးရာ ဆွေးနွေးပွဲ"ဟု တိုချုံးခေါ်ဝေါ်သည်) ကူမင်းကုန်စည်ပြပွဲနှင့် အချိန်ကာလတူ ကျင်းပမည်ဖြစ်သည်။

ကုန်သွယ်မှုရေးရာ ဆွေးနွေးပွဲနှင့် တောင်အာရှ ကုန်စည်ပြပွဲသည် အလုပ်ရည်ညွှန်းချက်၊ ကျင်းပစံနှုန်းနှင့်တောင်းဆိုချက်၊ ကျင်းပအချိန်၊ ပွဲကာလအဓိက အစီအစဉ်များစသည့် အပိုင်းများတွင် ဆင်တူဆက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲအလုပ်ရည်ညွှန်းချက် တူညီသည်။ ဆွေးနွေးပွဲနှင့် တောင်အာရှ ကုန်စည်ပြပွဲသည် တရုတ်နိုင်ငံနှင့် တောင်အာရှအရှေ့ တောင်အာရှနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံ၊ ဒေသအသီးသီး၏ ပေါ်လစီညှိနှိုင်းရေး၊ အခြေခံအဆောက်အအုံချိတ်ဆက်ရေး၊ ကုန်သွယ်မှု အဆင်ပြေရေး၊ ငွေကြေးစီးပွားရေး ရောစပ်ရေး၊ ပြည်သူ့ စိတ်ချင်းချိတ်ဆက်ရေးကို အစွမ်းကုန်နက်ရှိုင်းစွာ လုပ်ဆောင်မည်ဖြစ်သည်။ "တစ်ဇုန်တစ်လမ်း" တစ်လျှောက် နိုင်ငံနှင့် ဒေသများအတူ ဆွေးနွေး၊ ဆောက်လုပ်၊ ခံစားရန်အတွက် ကြိုးစားတွန်းဆော်မည်။

ပြပွဲ၏ကျင်းပစံနှုန်းနှင့် တောင်းဆိုချက်မပြောင်းလဲပါ။ ကုန်သွယ်မှုရေးရာဆွေးနွေးပွဲနှင့် တောင်အာရှကုန်စည်ပြပွဲ၊ ကူမင်းကုန်စည်ပြပွဲသည် နိုင်ငံတကာအဆင့်မြင့်ပြပွဲ၏ စံနှုန်းကိုဆက်ခံပြီး ကျင်းပမည်ဖြစ်သည်။ ကုန်ပစ္စည်းပြသခြင်းနှင့် ပြပွဲကာလအတွင်း အစီအစဉ်အပိုင်းအသီးသီး၏ ဖွဲ့စည်းပြင်ဆင်အလုပ်များကိုလည်း အဆင့်မြင့်ကြိုးစားလုပ်ဆောင်မည်ဖြစ်သည်။ ပိုမိုဖွင့်လှစ်သောပုံရိပ်ဖြင့် ပိုမိုအင်တာနေရှင်နယ်ဆန်သော၊ ပိုမိုကျွမ်းကျင်သော အဆင့်မြင့်နိုင်ငံတကာပြပွဲအဖြစ် ကြိုးစားလုပ်ဆောင်သွားမည်ဖြစ်သည်။

ပြပွဲကျင်းပသည့်အချိန်၊ နေရာ၊ အချိုးအစားတူညီကြသည်။ ကုန်သွယ်မှုရေးရာ ဆွေးနွေးပွဲနှင့် တောင်အာရှကုန်စည်ပြပွဲ၊ ကူမင်းကုန်စည်ပြပွဲသည် နှစ်စဉ်ဇွန်လ (၁၂)ရက်နေ့ ကူမင်းတျမ်းချီ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာတွင် ဖွင့်လှစ်ကျင်းပသည်။ ၂၀၁၇ ခုနှစ် ကုန်သွယ်မှုရေးရာ ဆွေးနွေးပွဲတွင် ပြတိုက်(၁၈)ခု၊ ပြခန်း(၈၀၀၀)ခု တည်ထားပြီး ပြသသောအကျယ်အဝန်းမှာ (၁. ၈) သိန်းစတုရန်းမီတာခန့်ရှိပြီး (၄)ကြိမ်မြောက် တောင်အာရှ ကုန်စည်ပြပွဲနှင့် ဆင်တူသည်။

ပြပွဲကာလအတွင်း အဓိကအစီအစဉ်များ ဆက်လက်လုပ်ဆောင်သည်။ ဆွေးနွေးပွဲသည် တောင်အာရှကုန်စည်ပြပွဲ၊ ကူမင်းကုန်စည်ပြပွဲ အစဉ်အလာအရ ပွဲကာလအတွင်းတွင် တရုတ်-တောင်အာရှကော်မာရှယ်ဖိုရမ်၊ အာဆီယံတရုတ်ကုန်သည်အသင်း၊ ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာစီးပွားရေးစင်္ကြန်ကုန်သည်အဖွဲ့ ပူးပေါင်းဆောင်ရွက်မှု မဟာမိတ် အစည်းအဝေးစသည့် အစီအစဉ်များကို လုပ်ဆောင်သွားမည်ဖြစ်သည်။ နိုင်ငံအသီးသီး အစိုးရဌာနနှင့် ကုန်သည်အသင်းအဖွဲ့များကို အစည်းအဝေးပွဲသို့ ဖိတ်ခေါ်ပြီး နိုင်ငံအသီးသီး၏ ရင်းနှီးမြှုပ်နှံမှု ပေါ်လစီနှင့် ပတ်ဝန်းကျင်ကို မိတ်ဆက်၊ ရင်းနှီးစီမံကိန်းများကို ကြော်ငြာမည်ဖြစ်သည်။ နိုင်ငံအသီးသီးအတွက် ရင်းနှီးမြှုပ်နှံမှုခေါ်ခြင်းနှင့် တရုတ်နိုင်ငံလုပ်ငန်းများ ပြင်ပသို့ရင်းနှီးပူးပေါင်းဆောင်ရွက်ရေးအတွက် စင်မြင့်အနေဖြင့် ထောက်ပံ့ပေးသည်။ သဘောတူချက်များ ပိုမိုရရှိပြီး ဖွံ့ဖြိုးတိုးတက် အင်အားများကို ပိုမိုစုစည်းရန် တွန်းဆော်မည်ဖြစ်သည်။

ဆွေးနွေးပွဲနှင့် တောင်အာရှ ကုန်

စည်ပြပွဲသည် ပြပွဲအဆင့်၊ ဦးဆောင်ကျင်းပဌာန၊ ကျင်းပခုနှစ်၊ ပြပွဲအဓိကအကြောင်းအရာများပေါ်တွင် အလေးထားခြင်းမတူပါ။

ပြပွဲအဆင့်မတူ။ တောင်အာရှ ကုန်စည်ပြပွဲသည် နိုင်ငံတော်ကောင်စီမှ သဘောတူပြီး "တစ်ဇုန်တစ်လမ်း" မဟာဗျူဟာ စီမံကိန်းအရ နိုင်ငံတော်အလေးထားမွေးထုတ်သော နိုင်ငံ့အဆင့်ပြပွဲ (၁၀)ခုအနက် (၁)ခုဖြစ်သည်။ ကုန်သွယ်မှုရေးရာ ဆွေးနွေးပွဲသည် ယူနန်ပြည်နယ်အစိုးရမှ သဘောတူကျင်းပသော ယူနန်ပြည်နယ်အဆင့် အလေးပါအကြီးစား နိုင်ငံတကာပြပွဲဖြစ်သည်။

ပြပွဲဦးဆောင်ကျင်းပသည့် ဌာနမတူ။ တောင်အာရှ ကုန်စည်ပြပွဲကို တရုတ်နိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် ကုန်သွယ်ရေး ဝန်ကြီးဌာနနှင့် ယူနန်ပြည်နယ်ပြည်သူ့အစိုးရမှ အတူဦးဆောင်ကျင်းပပြီး တောင်အာရှ နိုင်ငံအသီးသီးမှ ကူးသန်းရောင်းဝယ်ရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနများကို ဖိတ်ခေါ်ပြီး ပူးတွဲကျင်းပခြင်းဖြစ်သည်။ ဆွေးနွေးပွဲကို တရုတ်နိုင်ငံ နိုင်ငံတကာ ကုန်သည်အဖွဲ့၊ SARRC စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးအဖွဲ့၊ တရုတ်-အာဆီယံစင်တာ၊ တောင်အာရှ ကုန်စည်ပြပွဲနှင့် ကူမင်းကုန်စည်ပြပွဲ အတွင်းရေးမှူးဌာနတို့မှ အတူဦးဆောင်ကျင်းပခြင်းဖြစ်သည်။

ပြပွဲကျင်းပသည့်ခုနှစ်မတူ။ တောင်အာရှကုန်စည်ပြပွဲသည် စုံဂဏန်းခုနှစ်တိုင်းမှာ ကျင်းပပြီး ကုန်သွယ်မှုရေးရာ ဆွေးနွေးပွဲသည် မဂဏန်းခုနှစ်တိုင်းမှာ ကျင်းပသည်။ ကူမင်းကုန်စည်ပြပွဲသည် တောင်အာရှကုန်စည်ပြပွဲ သို့မဟုတ် ကုန်သွယ်မှုရေးရာ ဆွေးနွေးပွဲနှင့် နှစ်စဉ်အချိန်ကာလတူ ကျင်းပသည်။

ပြပွဲအဓိက အကြောင်းအရာမတူ။ တောင်အာရှကုန်စည်ပြပွဲသည် "ချစ်ခင်ရင်းနှီးမှု၊ စေတနာဖြူစင်မှု၊ အကျိုးဖြစ်ထွန်းစေမှု၊ သဘောထားကြီးမှုနှင့် အတူပူးပေါင်းဆောင်ရွက်ပြီး အကျိုးအောင်မြင်မှုရရှိ"ခြင်းဖြင့် အဓိကခေါင်းစဉ်ထားပြီး မဟာဗျူဟာ ပူးပေါင်းဆောင်ရွက်ရေးကို သိသာထင်ရှားစေသည်။ ကုန်သွယ်မှုရေးရာ ဆွေးနွေးပွဲသည် "အခွင့်အရေးအသစ်အတူ တည်ထောင်၊ ဖွံ့ဖြိုးတိုးတက်မှုသစ်အတူရှာဖွေ"ဟူသော အဓိကခေါင်းစဉ်ဖြင့် ကုန်သွယ်စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးကို သိသာထင်ရှားစေသည်။

၂၀၁၇ ခုနှစ် ကုန်သွယ်မှုရေးရာ ဆွေးနွေးပွဲသည်ပထမဆုံးအကြိမ် ကျင်းပကြောင်းသိရသည်။ ၂၀၁၆ ခုနှစ်အထိ တောင်အာရှ ကုန်စည်ပြပွဲသည် (၄) ကြိမ်အောင်မြင်စွာ ကျင်းပခဲ့ပြီး ကူမင်းကုန်စည်ပြပွဲသည် (၂၄)ကြိမ်အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်သည်။

သတင်းထောက်-လောယုံချန်